**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

## ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး (၁၅) ကြိမ်မြောက် ကွန်ကရက်အပြီး ဗဟိုအမြဲတမ်းကော်မတီ၏ (၃) ကြိမ်မြောက် အစည်းအဝေး ထုတ်ပြန်ကြေညာချက်

**နေ့ရက်** - ဖေဖော်ဝါရီလ (၉) ရက်၊ ၂၀၁၅ ခုနှစ်

၁။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (၁၅) ကြိမ်မြောက် ကွန်ကရက်အပြီး ဗဟိုအမြဲတမ်းကော်မတီ၏ (၃) ကြိမ်မြောက်အစည်းအဝေးကို ဖေဖော်ဝါရီလ ၃ ရက်မှ ၇ ရက်အထိ ဗဟိုအမြဲတမ်းကော်မတီဝင် (၄၇) ဦး တက်ရောက်ခဲ့ကြသည်။

၂။ ဤအစည်းအဝေး၌ အစည်းအရုံး၏ တစ်နှစ်တာအတွင်း လုပ်ငန်းများ၊ နိုင်ငံရေးဆိုင်ရာလုပ်ငန်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများကို ပြန်လည်သုံးသပ်ခဲ့ကြပါသည်။

၃။ ဤအစည်းအဝေး၌ အစိုးရနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်ကို ပြန်လည်သုံးသပ်ခဲ့ကြပြီး မိမိတို့၏ အမြင်သဘောထားများကိုလည်းတင်ပြခဲ့ကြပါသည်။

၄။ ဤအစည်းအဝေး၌ ပြည်ထောင်စုနေ့အတွက် အစိုးရမှ ဖိတ်ကြားချက်ကို တက်ရောက်ရန် ကိုယ်စားလှယ်စေလွှတ်ပြီး ကြေညာချက်တစ်စုံတစ်ရာကို ထုတ်ပြန်ကြေညာခဲ့ပါက မိမိတို့ အဖွဲ့အစည်း၏ ပေါ်လစီနှင့် ရပ်တည်ချက်များကို သွေဖယ်ဆန့်ကျင်မှုမရှိပဲ အခြားသောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

၅။ ဤအစည်းအဝေး၌ လက်ရှိပြောင်းလဲဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေးအခြေအနေနှင့် လိုက်လျောညီထွေမှုရှိသော ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးချမှတ်ခဲ့ကြပါသည်။

ဗဟိုအမြဲတမ်းကော်မတီ

*********